**ပဟေဠိ ရွေးချယ်ရန် ၂ - နစ်မြုပ်တော့မည့် အေဂျင်စီအား ကယ်တင်ခြင်း (လိုက်ဘေးရီးယား)**
ပဟေဠိတွင် သင်သည် လိုက်ဘေးရီးယား အမျိုးသားဆိပ်ကမ်းကေ့စ်တွင် ဆွေးနွေးခဲ့သည့် သဘောတရားများကို မည်မျှနားလည်သည်ကို စစ်ဆေးနိုင်သည်။ မှတ်သားရန် - အဖြစ်နိုင်ဆုံးအဖြေကိုသာရွေးချယ်ပါ။ အချို့အဖြေများမှာ လုံးလုံး အမှားမဟုတ်ပါ။ ထို့ထက်ပိုကောင်းသည့် အဖြေရှိနိုင်ပါသည်။ ပဟေဠိများနှင့် ပတ်သက်သည့် ဖြေရှင်းချက်များနှင့် အဖြေများအတွက် discussion forum သို့သွားပါ (ပို့စ်အသစ်တင်တိုင်း ပဟေဠိများ၏ ခေါင်းစဉ် "ပဟေဠိ ဆွေးနွေးရန်" တွင် တင်ပါ။)

မှတ်သားရန် - ပဟေဠိများကို မဖြေမီ ကေ့စ်အား ဖတ်ပါ။

# Saving a Sinking Agency: The National Port Authority of Liberia, 2006–2011.
# နစ်မြုပ်တော့မည့် အေဂျင်စီအား ကယ်တင်ခြင်း - လိုက်ဘေးရီးယား အမျိုးသားဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ၂၀၀၆-၂၀၁၁

ပဟေဠိ ရွေးချယ်ရန် ၂ - လိုက်ဘေးရီးယား
၅မှတ်
မေးခွန်း၁

အဖွဲ့အစည်းဆိုင်ရာ ထောင်ချောက် institutional trap သည် တစ်စုံတစ်ဦးက ဂိတ်စောင့်သည့် နေရာ - ရာထူးအာဏာကြီးသည့်နေရာကို ဆောင်ရွက်သည့်အခါ ပေါ်ပေါက်လာသည်။ ဆင်းရဲသော ပြည်သူများအား ပံ့ပိုးရမည့် အစိုးရ၏ မူဝါဒများနှင့် အလေ့အကျင့်များကို မိမိကိုယ်ကျိုးစီးပွားအတွက် အသုံးချရာမှ ပေါ်ပေါက်လာသည်။ ပုဂ္ဂိုလ်တစ်ဦး - အဖွဲ့တစ်ဖွဲ့သည် ပြုပြင်ပြောင်းလဲရေးကို တားမြစ်ပိုင်ခွင့်ရှိသည်။ အကျိုးဆက်အားဖြင့် တိုင်းပြည်တစ်ပြည်သည် ဆိုးဝါးသည့် မျှခြေတွင် ပိတ်မိနေသည်။ ထိုအခြေအနေကြောင့် ဆိုးဝါးသည့် ဆောင်ရွက်မှုများဖြစ်လာသည်။ အောက်ပါတို့မှ မည်သည့်ဖော်ပြချက်သည် လိုက်ဘေးရီးယား အမျိုးသားဆိပ်ကမ်းကေ့စ်တွင် အဖွဲ့အစည်းထောင်ချောက်အကြောင်း အကောင်းဆုံး ဖော်ပြနိုင်သနည်း။

- ဆိပ်ကမ်းလုပ်သားများအား ကိုယ်စားပြုသော ယူနီယမ်များသည် ၎င်းတို့အဖွဲ့ဝင်များ တန်စိုးလက်ဆောင်ရမှုကို လျော့နည်းသွားစေသည့် အပြောင်းအလဲများကို တားမြစ်နိုင်သည့် အခြေအနေတွင်ရှိသည်။
- ယခင်ပြည်သူ့စစ်အတွင်းက တိုက်ခိုက်ခဲ့သူများ ပါဝင်ဖွဲ့စည်းထားသော ဆိပ်ကမ်းလုံခြုံရေးများသည်လည်း ၎င်းတို့နေရာကို အသုံးချပြီး ရေယာဉ်များထံမှ တန်စိုးလက်ဆောင်ရယူကြသည်။ သူတို့သည် လက်နက်များမည်သို့ အသုံးပြုရမည်ကို သိကြပြီး တန်စိုးလက်ဆောင်တောင်းမှုကို တားမြစ်သည့် မန်နေဂျာများကို ခြိမ်းခြောက်နိုင်ကြသည်။
- အသွင်ကူးပြောင်းသည့် အစိုးရခန့်ထားသည့် စီမံခန့်ခွဲသူများသည် ရံပုံငွေများအား ပြန့်ကျဲသွားစေခြင်း သို့ ကန်ထရိုက်ခများကောက်ယူခြင်းတို့ကို ပြုလုပ်နိုင်သည်။ သူတို့သည် ပြုပြင်ပြောင်းလဲရေးကို တားမြစ်နိုင်သည့် နေရာတွင် ရှိနေသည် ။
- အထက်ပါ အကြောင်းအရာ အကုန်လုံးဖြစ်သည်။
- အထက်ပါ အကြောင်းအရာများ တစ်ခုမှ မဟုတ်ပါ။

## QUESTION 2
**မေးခွန်း၂**

သမ္မတ Sirleaf အစိုးရသည် အဖွဲ့အစည်းထောင်ချောက်ကို ဖြေရှင်းရန် ကြိုးစားခဲ့သည်။ အောက်ပါတို့မှ မည်သည့်အချက်သည် အစိုးရ ဆောင်ရွက်ချက်ကို အကောင်းဆုံးဖော်ပြနေသနည်း။

- အစိုးရသည် ဆိပ်ကမ်းတွင် ငွေသားအသုံးပြုမှုကို တားမြစ်သည်။

- အစိုးရသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေး အဖွဲ့များအား ဆိပ်ကမ်းလုံခြုံရေးကို ခွင့်ပြုပြီး ခေါင်းဆောင်အချို့ကို ပစ်ခွင့်ပေးခဲ့သည်။ နိုင်ငံတကာ အလှူရှင်အဖွဲ့များနှင့် သဘောတူညီချက်ရယူပြီးပေါင်းစပ် ဘုတ်အဖွဲ့မှ အမိကကျသည့် ဘဏ္ဍာရေးနေရာများတွင် လူခန့်ထားခွင့်နှင့် ဆိပ်ကမ်းလုပ်ငန်းများ စောင့်ကြည့်ရေးကို ဆောင်ရွက်ခဲ့သည်။ ရေရှည်တွင် ပုဂ္ဂလိက နိုင်ငံတကာ ကုမ္ပဏီတစ်ခုအား ဆောင်ရွက်စေလိုသည်။

- အစိုးရသည် ဆိပ်ကမ်းအား ပုဂ္ဂလိက ကုမ္ပဏီသို့ ငှားရမ်းဆောင်ရွက်စေသည်။

**မေးခွန်း၃**

မန်နေဂျာများသည် ယူနီယမ်တောင်းဆိုမှုများကို ဖြေရှင်းရန်မည်သည့်နည်းလမ်းများ သုံးခဲ့သနည်း။

- မန်နေဂျာများသည် ယူနီယမ်များအား သုတ်သင်ခဲ့သည်။

- မန်နေဂျာသစ်များသည် လုပ်သားများအား ကိုယ်ပိုင်ဘဏ်အကောင့်များ ဖွင့်လှစ်ပြီး လစာများကို ထိုအကောင့်များသို့ တိုက်ရိုက်ပေးပို့ခဲ့သည်။ လုပ်သားများသည် ထိုစနစ်သည် အကျိုးရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းမှာ ဆိပ်ကမ်းမှ မည်သူတစ်ဦးတစ်ယောက်မှ ၎င်းတို့လစာမှ ငွေကို မဖြတ်တောက်နိုင်သောကြောင့်ဖြစ်သည်။ သူတို့ သတိထားမိသည်မှာ ဆိပ်ကမ်းတွင် လုပ်သားဦးရေ နည်းသွားသည်နှင့်အမျှ သူတို့လစာ မြင့်တက်လာကြောင်း သတိပြုမိသည်။

- ဆိပ်ကမ်းဒါရိုက်တာများသည် ယူနီယမ်အရာရှိများကို ဖိတ်ကြားပြီး စီမံခန့်ခွဲရေးနေရာများပေးခဲ့သည်။

**မေးခွန်း၄**

GEMP ကဲ့သို့ ပြင်ပပုဂ္ဂလိက တားမြစ်အဖွဲ့ကို တည်ထောင်ရန် သဘောတူခြင်းသည် ခေါင်းဆောင်တစ်ယောက်အတွက် မဖေခဲ့နိုင်သည့် အဆင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော တစ်ဦးတည်းချုပ်ကိုင်မှု အာဏာဆုံးရှုံးသွားသောကြောင့်ဖြစ်သည်။ ရွေးချယ်မခံရသူများသည်လည်း ဆုံးဖြတ်ချက် ချမှတ်ခွင့် တစိတ်တပိုင်းရရှိရန်လိုသည်။ သို့သော် ကမ္ဘာတဝှမ်းလုံးတွင် အဆိုပါ အစီအစဉ်သည် အလွန်နည်းသည်။ အောက်ပါတို့မှ မည်သည်တို့သည် ထိုချဉ်းကပ်မှုဖြစ်စဉ်ကို အကောင်းဆုံးဖော်ပြသနည်း။

- အပြောင်းအလဲကို တားဆီးနေသည့် လူနှင့် အုပ်စုများအား ခေါင်းဆောင်များက ပြောနိုင်သည်မှာ ခင်ဗျားတို့ လိုချင်တာ ကျွန်တော်တို့ မပေးနိုင်ဘူး။ ကျွန်တော်တို့ ပါတနာတွေက ခွင့်မပြုဘူး။ ဆိုလိုသည်မှာ တစ်စုံတစ်ဦး၏ လက်အား ချုပ်ကိုင်လိုက်ခြင်း သို့ စွမ်းရည်ကို သုတ်သင်လိုက်ခြင်းဖြစ်သည်။ သီအိုရီအရ တစ်ဦးတစ်ယောက်အား ထိုသို့ ထိန်းချုပ်လိုက်လျှင် အကျိုးရနေသော စွမ်းရည်နိမ့်သူများသည် ကျရှုံးသွားမည်ဖြစ်သည်။ အကြောင်းမှာ သူတို့သည် ပြုပြင်ပြောင်းလဲရေး ဦးဆောင်သူများအား ခြိမ်းခြောက်ပြီး ၎င်းတို့ လိုချင်တာကို မတောင်းဆိုနိုင်သောကြောင့်ဖြစ်သည်။
- မူဝါဒများ ချမှတ်ရာတွင် သတင်းအချက်အလက်များ အမြင်သစ်များ ပါဝင်ခြင်းဖြင့် ဆုံးဖြတ်ချက်အရည်အသွေးတိုးတက်လာစေရန် ဆောင်ရွက်ပြီး ပေါင်းစပ်ဘုတ်အဖွဲ့ အဖွဲ့ဝင်များ၏ အမြင်များကို ပြောင်းလဲနိုင်သည်။

- အချို့ကေ့စ်များတွင် ပါတနာများနှင့် ပေါင်းစည်းခြင်းသည် အထူးတတ်ကျွမ်းသူများအား အဖွဲ့အစည်းများတွင် နေရာယူနိုင်ရန်၊ စွမ်းရည်မြင့်ရန် အားပေးသည်။

- အထက်ပါအချက်အားလုံးဖြစ်သည်။

**မေးခွန်း ၅**

အဖွဲ့အစည်း ထောင်ချောက် institutional trap အပြင် ဆိပ်ကမ်း မန်နေဂျာသစ်များသည်  အခြား principal-agent ပြဿနာများကို ဖြေရှင်းကြရသည်။ အောက်ပါတို့မှ မည်သည့်ဥပမာများသည် အဆိုပါ ပြဿနာများနှင့် ဖြေရှင်းချက်များကို ဖော်ပြသနည်း။ (သင့်လျော်ရာအားလုံး ရွေးချယ်ပါ။)

- အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းသည် လုံခြုံရေး ပြဿနာများကြောင့် ဆိပ်ကမ်းအား ခွင့်ပြုချက် မပေးခဲ့ပေ။ မန်နေဂျာများသည် နစ်မြုပ်နေသည့် ရေယာဉ်များနှင့် ရေကြောင်းများကို ဖယ်ရှားခဲ့သည်။

- ဂန်ထမ်းများသည် ဆိပ်ကမ်းနှင့် အလုပ်လုပ်နေသော ကုမ္ပဏီများမှ ကန့်ကွက်မှုများရရှိသဖြင့် ဈေးနှုန်းများ မြင့်တက်လာပြီး ကုန်စည်နှင့် ဂန်ဆောင်မှုများ မလုံလောက်တော့ပေ။ စီမံခန့်ခွဲရေး အသစ်သည် လိုအပ်နေသည့် ဂန်ဆောင်မှုများကို ကြေငြာပြီး အဓိက ကန်ထရိုက် တစ်ခုတွင် ၃ဦးယှဉ်ပြိုင်ရွေးချယ်မည်ဖြစ်သည်။ ကန်ထရိုက်ရုံးမှတဆင့် တန်ခိုးသြဇာကြီးမားလာမှုကို ထိန်းချုပ်ရန် ဂန်ထမ်းများအား လှည့်လည်မည်ဖြစ်သည်။ ဂန်ဆောင်မှုပေးသူများနှင့် ဆက်ဆံရေးကို စောင့်ကြည့်သည့် ရှောင်တခင်စစ်ဆေးရေးစနစ် ကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

- ဂန်ထမ်းများသည် ရေယာဉ်ဂင်ရောက်မှုကို မှတ်တမ်းတင်ထားခြင်း မရှိပေ။ ရေယာဉ်များအား အခကြေးငွေကောက်ပြီး ကုန်ချခွင့်မပြုပေ။ ၎င်းတို့ကိုလည်း ထိန်းချုပ်ထားပြီး ငွေကြေးများသာ ကိုယ်ကျိုးအတွက် အသုံးပြုကောက်ခံကြသည်။ မန်နေဂျာအသစ်များသည် ဒစ်ဂျစ်တယ်ကင်မရာများ ဂယ်ယူကာ ဆိပ်ကမ်းသို့ ဆိုက်သည့် တစ်ယောက်အား စေလွှတ်ကာ ရေယာဉ်အားလုံးအား ဓာတ်ပုံရိုက်ပြီး အဂင်မှတ်တမ်းနှင့် တိုက်စစ်ခဲ့သည်။